## ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

## ၂၀၁၅ခုနှစ်၊ ပထမ(၆)လပတ် အစည်းအဝေး

## ထုတ်ပြန်ကြေညာချက်

၂၀၁၅ခုနှစ်၊ ဂျူလိုင်လ (၃)ရက်

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) မချုပ်ဆိုနိုင်သေးမီ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အနေဖြင့် ပြည်နယ်အဆင့်ပထမ အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်နှင့် ပြည်ထောင်စုအဆင့် အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် စုစုပေါင်း (၃၁)ချက်အား စွဲကိုင်ပြီး NCA ချုပ်ဆိုနိုင်ရေးအတွက် အဖက်ဖက်နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်။

၂။ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက် ပြည်ထောင်စုနေ့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင် ပါဝင်လက်မှတ် ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆိုင်ရာ ကတိပြုစာချုပ်(Deed of Commitment—DOC)အား လက်ကိုင်ထားပြီး RCSS အနေဖြင့် စစ်မှန်သော ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရေးအတွက် ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ ရှမ်းပြည်သူလူထုများ၊ ရှမ်းပြည်လူငယ်များသည် မူးယစ်ဆေးဝါးဘေးအန္တရာယ်ကို ကြီးမားစွာ ရင်ဆိုင်နေရသဖြင့် ဆေးစွဲသူများ ဆေးဖြတ်ပေးခြင်းလုပ်ငန်းနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ခြင်း လုပ်ငန်းများအား RCSS မှ အလေးပေးဆောင်ရွက်သွားမည်။

၄။ ငြိမ်းချမ်းရေး တည်ဆောက်နေစဉ်ကာလတွင် ရှမ်းပြည်လူထုကောင်းကျိုးအတွက် ဖွံ့ဖြိုးရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိမိတို့နယ်မြေများအား စည်းကမ်းဥပဒေနှင့်အညီ ကောင်းမွန်စွာ ထိန်းချုပ်သွားမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ